ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (3-3-2008) (၅၆၁၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၃

၂၀၀၈ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီ၊ ပါဗာနော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၃

၂၀၀၈ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂီ၊ စတန်နီရှက်ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်နယ်၊ တိုင်း အသီးသီး၌ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများက ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပြုရမှာဖြစ်

နိုင်ငံတော်၏ အနာဂတ်သည် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်သော ပြည်သူများ၏ အဆုံးအဖြတ်ပေါ်၌သာ တည်မှာဖြစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထားဝယ်လေယာဉ်ပြေးလမ်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်　　မတ်　　၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တနင်္သာရီတိုင်း ထားဝယ်မြို့သို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ထားဝယ်လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူတို့က ထားဝယ်လေဆိပ်သမိုင်းကြောင်း၊ လေယာဉ်ပြေးလမ်းသစ် ပေ ၁၂၀၀၀ ×၂၀၀ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးတို့က ထားဝယ်လေဆိပ်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃-၃-၂၀၀၈
(တနင်္လာနေ့)

စက်မှုလယ်ယာကူးပြောင်းနိုင်ရေးကြိုးပမ်း လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားအောင်စွမ်းဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး၊ ပင်မစီးပွားရေးလုပ်ငန်းများသည် လယ်ယာကဏ္ဍ ထုတ်ကုန်များနှင့် ဆက်စပ်အခြေပြုနေသည်။ ထို့ကြောင့် နိုင်ငံတော်ကစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၈ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင် **"နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရေး၊ တစ်ဧကသီးနှံအထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးများပံ့ပိုးရေး၊ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်"** ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးအစီအမံများကို ဖော်ဆောင်ပေးလျက်ရှိရာ သီးနှံစိုက်စွမ်းအားတိုးတက်လာလျက်ရှိသည်။

ထို့အပြင် မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများ၊ ကုန်းမြင့်ဒေသလယ်ယာမြေများဖော်ထုတ်စိုက်ပျိုးနိုင်ရေး တို့အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ သီးနှံစိုက်ဧရိယာများ တိုးတက်လာနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သီးနှံစိုက်ဧရိယာ ဟက်တာသန်းနှစ်ဆယ်ကျော်ရှိပြီး ပင်မရိက္ခာသီးနှံဆန်စပါးစိုက်ပျိုးသော ဧရိယာ ဟက်တာ ရှစ်သန်းကျော်ရှိသည်။ ဆန်တန်ချိန် ၁၄ဒသမ၇သန်းကျော်ထွက်ရှိသဖြင့် ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက် ဖူလုံစေရုံမျှမက ပိုလျှံလျက်ရှိသည်။

ယနေ့ကာလတွင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံ၊ အလုပ်ရုံများမှလည်း လယ်ယာထွန်စက်များ၊ လက်တွန်းထွန်စက်များ အပါအဝင် အခြားလယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။ တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်သုံးစွဲပြီး သီးနှံမျိုးကောင်း မျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများအသုံးပြုခြင်းတို့နှင့်အတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ရည်မှန်းချက်များပြည့်ဝအောင်မြင်လာမည် ဖြစ်ပါသည်။ ॥

ဂုဏ်ပြုမှတ်တမ်းလွှာ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ ရပ်ကွက် ဗိုလ်ဗထူးလမ်းနေ ဒေါ်အေးအေးနွယ် (ဒုတိယပါမောက္ခချုပ်၊ စီမံ၊ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်)က ကြေးပိဋကတ် သုတ္တန္တပိဋကဝင် မဇ္ဈိမပဏ္ဏာသပါဠိတော် ကြေးပြားလေးချပ် တန်ဖိုးငွေ ကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ဆောင်ရွက်ပြီးစီးသော မြို့ပြနှင့် ကျေးလက် လမ်း၊ တံတားများနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျေးလက်ပြည်သူများအတွက် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်းများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် နယ်စပ်ဒေသများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများက မြို့နယ်အလိုက် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ အပေါ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်၊ တိုင်းအလိုက် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအပေါ် သုံးသပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့်လုပ်ငန်းများကိုသုံးသပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်း ၂၄၅ မိုင် ဝဒသမ ၇၃ ဖာလုံနှင့် ကျေးလက်လမ်း ၂၁၂၉ မိုင်လေး ဒသမ ၃၂ ဖာလုံ စုစုပေါင်း ၂၃၇၄ မိုင် ငါး ဒသမ ဝ၅ ဖာလုံတို့အား အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်ရန် လျာထားပြီး ဖေဖော်ဝါရီလကုန်အထိ ၂၂၆၂ မိုင် ၁ ဒသမ ဝ၈ ဖာလုံ ပြီးစီးပြီးဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် မြို့ပြနှင့် ကျေးလက်လမ်းမိုင် ၅၉၃၆ မိုင် နှစ်ဖာလုံရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းမိုင် ၃၇၉၀၅ မိုင် ဝ ဒသမ ဝ၅ ဖာလုံ ထိ တိုးတက်ဆောင်ရွက်နိုင်ကြောင်းနှင့် မြို့ပြရေပေးဝေရေးလုပ်ငန်း ၄၃၁ ခုနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ၁၃၂၆ ခု စုစုပေါင်း လုပ်ငန်း ၁၇၅၇ ခုဆောင်ရွက်ရန်လျာထားသည့်အနက် စုစုပေါင်း လုပ်ငန်း ၁၇၁၄ ခု ပြီးစီးပြီးဖြစ်ကြောင်းနှင့် အပူပိုင်းဒေသ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့တွင် ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၂၁၃၀ ကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Epson System Integrator အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂

Client Focus Technology Group Co.,Ltd. က စီစဉ်ကျင်းပသည့် Epson System Integrator အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက်နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel, Meeting Room ၌ ကျင်းပရာ မြန်မာနိုင်ငံရှိ Shopping Centre များအတွက် Software ပိုင်းတာဝန်ယူထားသော Software Company များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Client Focus Technology Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Francis Au Seng Huat က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် Epson Thailand ၏ Pre-Sales Department မှ တာဝန်ခံ Mr. Singha က Shopping Centre သုံး Software များနှင့် Epson Receipt Printer များ ဆက်စပ် အသုံးပြုမှုဆိုင်ရာ နည်းပညာများကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံရှိ Software Company များမှ Programmer များက Pas System ပိုင်းဆိုင်ရာများကို ပါဝင်ဆွေးနွေးကြသည်။

Epson Receipt Printer များကို မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် Client Focus Technology Group Co., Ltd. က တင်သွင်းဖြန့်ချိလျက်ရှိပြီး ဝယ်ယူအားပေးသူများအတွက် ပြုပြင်ထိန်းသိမ်းမှုများကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

Epson Product များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၁၃၀ ရှိ Epson အရောင်းပြခန်း ဖုန်း- ၂၄၉၃၄၄၊ ၂၄၉၃၄၅၊ ၂၄၉၃၆၄၊ ၃၇၄၁၁၀ နှင့် ၃၉၁၄၀၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

Epson System Integrator အလုပ်ရုံ ဆွေးနွေးပွဲတွင် Client Focus Technology Group Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr. Francis Au Seng Huat နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဩဝါဒါစရိယဆရာတော်ကြီးများပူဇော်ပွဲ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၄၈)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများ အား ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြ ဆရာကြီး၊ ဆရာမကြီးတို့အား ဂုဏ်ပြုပွဲကို မတ်၇ ရက် (သောကြာနေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာယရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများနှင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ်၊ အစဉ်သတိအမြဲရှိ

✻ ကျောဖုံးမှ

လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆၉/၀)ရှိ ကဘွက်ကျေးရွာအနီး ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က မိုင်တိုင်အမှတ်(၆၁/၅)မှ(၈၂/၀)အတွင်း ရေကျော်နှင့် တံတားများတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခင်ဦးမြို့နယ် သင်ပေါင်းကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်အတွင်းထည့်သွင်းစိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ခြံစည်းရိုးကြက်ဆူမျိုးစေ့ တစ်သိန်း တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်ပေါင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်၁၀သိန်းကိုပေးအပ်ရာ ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီးတို့က လက်ခံကြသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အညာသီဟတောဘုရားသို့ ရောက်ရှိဖူးမြော်ကြပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများထံပေးအပ်ကြကာ မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ခြံစည်းရိုးကြက်ဆူမျိုးကိုင်းတစ်သိန်း စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ထန်းတောရွာအနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က မိုင်တိုင်အမှတ်(၈၂/၀)မှ(၁၁၄/၇)အတွင်း လမ်း၊ တံတားနှင့်ရေကျော်များ တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ မိုင်တိုင်အမှတ်(၁၀၃)ရှိ တည်ဆောက်ပြီးစီးသွားသည့် ဘူးကွဲ(၂) တံတားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေဘိုနှင့်ကသာခရိုင်နယ်စပ်ရှိ ခရမ်းစပ်ကုန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကသာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက မိုင်တိုင်အမှတ်(၁၁၄/၇)မှ(၂၃၂/၀)အတွင်း လမ်း၊ တံတားနှင့်ရေကျော်များ ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၁၁၅)နှင့် (၁၁၈)အကြား လမ်းဖြောင့်ဖောက်လုပ်ရေးအတွက် လမ်းအူကြောင်းရှာဖွေထားရှိမှုများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တကောင်းမြို့နယ် မိုင်တိုင်အမှတ်(၁၃၃/၇)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တကောင်းနှင့် သပိတ်ကျင်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားကာ ဧရာဝတီမြစ်၏ မြေနုသောင်ပြင်၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဆီထွက်နေကြာနှင့် သီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် ထီးချိုင့်မြို့နယ် ညောင်ပင်သာတိုက်နယ် မရသိမ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စီမံကိန်းဝင်သီးနှံများနှင့်ခြံစည်းရိုးကြက်ဆူတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၁၅၃/၄)သို့ ရောက်ရှိပြီး မဲဇာချောင်း(ဒိုးပင်)တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ ထီးချိုင့်မြို့၌ ညအိပ်ရပ်နားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက်ပိုင်းတွင်လည်း ရွှေဘိုမြို့နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံမှာကြား၍ စစ်သည်မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျက်စိခွဲစိတ်ကုသပြီးသောလူနာများအား ဆောင်ရန်ရှောင်ရန်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၂

မဟာစည်သာသနာ့ရိပ်သာ ဌာနချုပ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၈)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို တပေါင်းလဆန်း၂၊ ၃၊ ၄ရက်တို့တွင် ကိုရင်နှင့်သီလရှင်ဝတ်ရက်အဖြစ်သတ်မှတ်ထား၍ တက်ရောက်လိုသောသူများ ထိုနေ့မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် အနီးဝန်းကျင်မြို့များမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကျန်းမာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားကို မတ်၁ရက် နံနက်ပိုင်းတွင် လွိုင်လင်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများ၊ မျက်စိအထူးကုဆရာဝန်၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ လွိုင်လင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်နွဲ့ရီက ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှလှူဒါန်းသည့် မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသရေး လုပ်ငန်းများအတွက် ငွေကျပ် ၁၅သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင် ဒေါ်နန်းဆိုင်နွမ်းက လက်ခံသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အလှူရှင်များက ခွဲစိတ်ကုသပြီးသည့် မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များ၊ မျက်စဉ်းဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်သည်။

အဆိုပါ အခမဲ့ မျက်စိကွင်းဆင်းခွဲစိတ်ကုသမှုအဖွဲ့ကို ဒေါက်တာဒေါ်ခင်ဆန်းနွယ်ကကြီးကြပ်၍ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာတင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြုဆရာမ ငါးဦး ပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ လွိုင်လင်အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာစောသွင်မွန်သိန်းတို့က ပူးပေါင်းကာ ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၁ရက်အထိ အခမဲ့ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမျက်စိကုအဖွဲ့သည်လွိုင်လင်ခရိုင်နှင့်အနီးပတ်ဝန်းကျင်မြို့များဖြစ်ကြသော ပင်လုံ၊လဲချား၊နမ့်ဆန်၊ကွန်ဟိန်း၊ မိုင်းရှူး၊မိုင်းကိုင်၊ကျေးသီး၊မိုင်းနောင်၊ မိုင်းပွန်၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်၊ ဟိုမိန်းစသည့် မြို့နယ်များမှ မျက်စိဝေဒနာရှင်ပေါင်း ၃၁၄၆ဦးကို စမ်းသပ်ကြည့်ရှုကုသပေးခဲ့ကြပြီးအတွင်း တိမ်လူနာ ၂၄၄ဦး၊ အသေးစားခွဲစိတ်ကုသမှု၁၀၃ဦး စုစုပေါင်း လူနာ ၃၄၇ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး မျက်မှန်ပါဝါလိုအပ်သူ ၇၀၀ ကို မျက်မှန်များ အခမဲ့ ပေးအပ်ခဲ့ကြသည်။

အဆိုပါအဖွဲ့ကိုလွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွိုင်လင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်နွဲ့ရီနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက အဘက်ဘက်မှကူညီပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါအခမဲ့မျက်စိကုသရေးအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်အဝဝကို အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ-ဒေါ်ခင်ဝင်းမိသားစုနှင့် Mother Trading Co.Ltd တို့မှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျက်စိခွဲစိတ်ကုသပြီး လူနာများအား အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice In Reading (Lesson-9).
၄း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒ)(ဓာတုဗေဒ)
၅း၀၀	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
၅း၁၀	၆။	အကပဒေသာ
၅း၂၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၄၀	၉။	**“ချောင်းကမ်းဘေးကရွာကလေး”(နွဲ့နွဲ့စန်း၊မြင့်မြင့်ခိုင်၊(ထင်ပေါ်၊သဇင်)(ဒါရိုက်တာ-မြင့်စိုး(ဝ/သ ရန်ကုန်)**
၅း၅၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၅၅	၁၄။	(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တယ်....ချစ်တယ်” (အပိုင်း-၄)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာမျဉ်းပြိုင်”(အပိုင်း-၈)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ အဆောတလျင် ရုပ်သိမ်းရေးကို အမေရိကန် ထိပ်တန်းစစ်ဘက်အရာရှိ စိုးရိမ်လျက်ရှိ

ဝါရှင်တန် မတ် ၁

ယခုနှစ် အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသူ မည်သူ့ကိုမဆို အမေရိကန် ကြည်းတပ်က ထောက်ခံမည်သာဖြစ်ကြောင်း၊ သို့သော် အီရတ်မှ အမေရိကန်တပ်များ အလျင်အမြန် ရုပ်သိမ်းရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းအမေရိကန်ထိပ်တန်း စစ်ဘက်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ သမ္မတသစ်ကို ထောက်ခံရေးအတွက် မိမိတို့တပ်ဖွဲ့များကို ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်တွင် ကျင်းပသည့် စစ်ဘက်နှင့်အရပ်ဘက် အရာရှိများ ဆွေးနွေးပွဲ၌ ရေတပ် ဗိုလ်ချုပ်ကြီး မိုက်ကီမူလန်က ပြောကြားသည်။

အနာဂတ်ကာလတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတမည်သူပင်ဖြစ်လာသည်ဖြစ်စေ အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များ အနေဖြင့် အမေရိကန် သမ္မတကို နိုင်ငံရေး ပယောဂကင်းရှင်းစွာ ထောက်ခံရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီးက ထပ်မံပြောကြားသည်။

မည်သည့်ပါတီ၏ သမ္မတလောင်းဟူ၍ ၎င်းက မပြောကြားပေ။ ယမန်နှစ်က သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် အမေရိကန် စစ်သားများအား အီရတ်နိုင်ငံသို့ ထပ်မံစေလွှတ်ခဲ့ရာမှ ဆောလျင်စွာ ပြန်ရုပ်သိမ်းလျှင် အီရတ်၌ မတည်ငြိမ်မှုများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်း သတင်းထောက်များကို ဗိုလ်ချုပ်ကြီးမီလန်က ပြောကြားလိုက်သည်။

ဒီမိုကရက်တစ် သမ္မတလောင်းအတွက် ယှဉ်ပြိုင်နေကြသည့် အထက်လွှတ်တော်အမတ် ဘားရက်အိုဘားမားနှင့်ဟီလာရီကလင်တန်တို့သည်နိုဝင်ဘာ ရွေးကောက်ပွဲမှာ ၎င်းတို့အနိုင်ရရှိခဲ့လျှင် ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် သမ္မတ အာဏာကို ရရှိပြီးချိန်၌ အီရတ်မှ အမေရိကန်တပ်များကို စတင်ရုပ်သိမ်းမည်ဟု ကတိပြုခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား ရှာဖွေနှိမ်နင်းနေသည့် တူရကီတပ်ဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်မင်းသား ဟယ်ရီ အာဖဂန်နစ္စတန်မှ ပြန်လည်ထွက်ခွာ

လန်ဒန် မတ် ၁

ဗြိတိန်မင်းသား ဟယ်ရီသည် အာဖဂန်နစ္စတန် ရှေ့တန်းစစ်မြေပြင်တွင် ရက်သတ္တ ၁၀ ပတ်ကြာမျှ တိုက်ပွဲဝင်လျက်ရှိနေကြောင်း သတင်းများ ပေါက်ကြားသွားပြီးနောက် အာဖဂန်နစ္စတန်မှ သောကြာနေ့က ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနသတင်းများကပြောကြားသည်။

မင်းသားဟယ်ရီသည်အင်္ဂလန်ထီးနန်းဆက်ခံရန် တတိယနေရာ၌ ရှိပြီး အသက် ၂၃ နှစ်သာ ရှိသေးသည်။ သတင်းများ ပေါက်ကြားသွားသဖြင့် ၎င်းနှင့် ၎င်းတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို စိုးရိမ်လာရသည့်အတွက် သတ်မှတ်ထားသော အချိန်ထက်စောပြီး အာဖဂန်နစ္စတန်မှ ပြန်သွားခြင်းဖြစ်သည်။

ဖော်ပြခြင်းမပြု

ပြီးခဲ့သည့် ဒီဇင်ဘာလက မင်းသားကို အာဖဂန်နစ္စတန်သို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ သူ၏လုံခြုံရေးအတွက် ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သဘောတူညီထားချက်အရ အင်္ဂလိပ်သတင်းဌာနများက ထိုသတင်းကို ဖော်ပြခြင်း မပြုခဲ့ကြပေ။

အမ်အင်အေ၊ ရိုက်တာ။

လွှတ်တော်ခေါင်မိုးပေါ်တက် ဆန္ဒပြသူအား ကူညီသူ လန်ဒန်ရဲက ဖမ်းဆီး

လန်ဒန် မတ် ၁

အင်္ဂလန်နိုင်ငံ ဟီးသရိုးလေဆိပ် တိုးချဲ့တည်ဆောက်ခြင်းကို ကန့်ကွက်သောအားဖြင့် အောက်လွှတ်တော်ရုံး အဆောက်အအုံ ခေါင်မိုးပေါ်တက်၍ ဆန္ဒပြသူများအား အကူအညီပေးသည်ဟု သံသယရှိသူ ပါလီမန် အလုပ်သမား တစ်ဦးကို ရဲတပ်ဖွဲ့က သောကြာနေ့တွင် ဖမ်းဆီးလိုက်သည်။

အသက် ၂၀ ရှိ အလုပ်သမားကို ဝက်စ်မင် စတာအရပ်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းပြီးလန်ဒန်ရဲစခန်းတွင်စစ်ဆေးမေးမြန်းလျက်ရှိသည်။ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် အောက်လွှတ်တော်ရုံး ခေါင်မိုးပေါ်တက်၍ အဆောက်အအုံဘေးတွင် ကန့်ကွက်သည့် စာတန်းများ ချိတ်ဆွဲပြီး ထိုအဆောက်အအုံပေါ်၌ နှစ်နာရီ ကျော်ကြာအောင်နေခဲ့ကြသည်။။

အမ်အင်အေ၊ရိုက်တာ။

ဖမ်းဆီးခံထားရသည့် ဓားစာခံလွှတ်မြောက်ရေး နိုင်ငံတကာ ဖျန်ဖြေရေးအဖွဲ့ ဖွဲ့ရန် ချာဗက်ဇ်ကြိုးပမ်း

ကရာကက်စ် မတ် ၁

ကိုလံဘီယာ သောင်းကျန်းသူများ ဖမ်းဆီးထိန်းသိမ်းထားသည့် ဓားစာခံများ ပြန်လည်လွှတ်ပေးရေး ကိစ္စအပေါ် ညှိနှိုင်းဆွေးနွေးရန်အတွက် နိုင်ငံတကာကြားဝင်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းပေးပါရန် ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်က ကြာသပတေးနေ့တွင် အဆိုပြုလိုက်သည်။

သောင်းကျန်း သူများနှင့် ကြားဝင်ဖျန်ဖြေရေး ကိစ္စနှင့် ပတ်သက်၍ ချာဗက်ဇ်သည် ကိုလံဘီယာ သမ္မတ အယ်လ်ဗာရို ယူရီဘီနှင့် သံတမန်ရေးအရ အငြင်းပွား လျက်ရှိသည်။ ယင်းသို့ ကြားဝင် ဖျန်ဖြေရာတွင် နိုင်ငံအများစု ပါဝင်သည့် ချာဗက်ဇ်၏ သဘောထားကို ပြင်သစ်၊ ဘရာဇီးလက်ဝဲအစိုးရ၊ အာဂျင် တီးနားနှင့် အီကွေဒိုနိုင်ငံတို့က ထောက်ခံကြသည်ဟု ချာဗက်ဇ်က ပြောကြားသည်။

သံသယဖြစ်

ကိုလံဘီယာသမ္မတမှလွဲ၍ လူတိုင်းကမိမိ၏သဘောထားကိုလက်ခံကြသည်ဟု ချာဗက်ဇ်က ပြောကြားသည်။ မာခ်ဝါဒီ ပြောက်ကျားများက ဓားစာခံခြောက်ဦး လွှတ်ပေးစေရန် ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ်က သွေးဆောင်နိုင်ခဲ့လင့်ကစား သောင်းကျန်းသူများက ကျန်ဓားစာခံများအား လျှော့ပေးမှုမရှိဘဲ ဆက်လက် ဖမ်းဆီးထားနိုင်သည်ဟု နိုင်ငံရေးအကဲခတ်သူများက သံသယဖြစ်နေကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့က ဒုံးကျည်များဖြင့် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ပါလက်စတိုင်း ကလေးငယ် တစ်ဦးအား မတ် ၁ ရက်က ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကိုယ်ဝန်ဆောင်မိခင်များ ဆေးလိပ်သောက်မှု အန္တရာယ်အများဆုံးဖြစ်ပွားလျက်ရှိဟု သုတေသီများပြောကြား

ချီကာဂို မတ် ၁

ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်ဝန်ဆောင်မိခင်များ ဆေးလိပ်သောက်မှုကြောင့် ဖြစ်ပွားသည့်အန္တရာယ်သည် အံ့မခန်းနှုန်း မြင့်တက်နေကြောင်း အမေရိကန်အစိုးရ သုတေသီများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မိခင်နှင့်ကလေးငယ်များသည် ၎င်းတို့အိမ်များတွင် ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်နေကြရပြီး အစမ်းသဘောဖြင့် ဆေးလိပ်စတင်သောက်ကြည့်လာတတ်ကာ ယင်းကြောင့် ကင်ဆာနှလုံးရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့်အခြေ ဆိုက်လာပြီး မိခင်ရောကလေးပါ အန္တရာယ်နှင့် ရင်ဆိုင်ရသည်ဟု သုတေသီများက ပြောကြားသည်။ ကိုယ်ဝန်ဆောင်မိခင် ဆေးလိပ်သောက်မှုနှင့် ဆေးလိပ်မီးခိုး ရှူရှိုက်မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်၏ ကျန်းမာရေး မြှင့်တင်မည့် ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေနိုင်သည်ဟု ဆေးလိပ်ထိန်းချုပ်ရေး ကင်ဆာသုတေသနဌာနခွဲမှ ဆရာဝန် မိုက်ကယ်ဘလေ့ာက အမေရိကန် ကျန်းမာရေး ဂျာနယ်တစ်ခုတွင် ရေးသားထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ထိုင်းလွှတ်တော်တွင် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အတိုက်အခံခေါင်းဆောင်ဖြစ်လာ

ဗန်ကောက် မတ် ၁

ထိုင်းနိုင်ငံ ဒီမိုကရက်ပါတီ ဥက္ကဋ္ဌ အဘီဆစ်ဗက်ဂျာဂျီဗာအား အတိုက်အခံ ခေါင်းဆောင်အဖြစ် ထိုင်းလွှတ်တော်တွင် သောကြာနေ့က တရားဝင် အသိအမှတ်ပြုလိုက်သည်။

ဒီမိုကရက်ပါတီသည် အမတ်နေရာ ၄၈၀ ရှိသော အောက်လွှတ်တော်တွင် အမတ်နေရာ ၁၆၄ နေရာ ရရှိထားသည့် တစ်ခုတည်းသော အတိုက်အခံပါတီဖြစ်သည်။ ပြည်သူ့အာဏာပါတီ (ပီပီပီ) ဦးဆောင်သော ညွန့်ပေါင်းအစိုးရတွင် ပါတီခြောက်ခုပါဝင်သည်။

၂၀၀၇ ခုနှစ် အခြေခံဥပဒေနှင့်အညီ တာဝန်ဝတ္တရားများကို ရိုးသားစွာ ထမ်းဆောင်မှာဖြစ်ကြောင်း အတိုက်အခံ ခေါင်းဆောင်ကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် သံလိုက် ရှပ်ပြေးရထားတစ်စင်း စမ်းသပ် မောင်းနှင်နေသည်ကို ဖေဖော်ဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် သင်္ဘော ၄၄ စင်းအမှာစာရ

ဒါကာ မတ် ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သင်္ဘောတည်ဆောက်သော ကုမ္ပဏီများသည် ၂၀၀၇ ခုနှစ် ဇူလိုင်မှ ၂၀၀၈ ခုနှစ် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ သန်း ၅၉၀ တန်ဖိုးရှိ သင်္ဘော ၄၄ စင်း တည်ဆောက်ရန် အမှာစာများ ရရှိကြောင်း ဝက်စ်တမ်းမရင်းရှစ်ယာ့ဒ် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်း ဒါရိုက်တာ ဆာခါဝက်ဟိုစိန်က ဆင်ဟွာသတင်းဌာနသို့ သောကြာနေ့က ပြောကြားလိုက်သည်။ ယမန်နှစ်က အမေရိကန်ဒေါ်လာ သန်း ၁၂၀ ဖိုး အမှာစာရရှိခဲ့သည်ဟု ပြောကြားသည်။

၎င်း၏ ကုမ္ပဏီက အမေရိကန်ဒေါ်လာသန်း ၁၉၀ ဖိုးရှိသော သင်္ဘော ၁၈ စင်းတည်ဆောက်ရန် ရရှိပြီး အာနန္ဒာရှစ်ဘစ်ဒါးလ်ကုမ္ပဏီလီမိတက်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုးရှိ သင်္ဘော ၂၆ စင်း တည်ဆောက်ရန် အမှာစာရရှိကြောင်း ဟိုစိန်က ပြောကြားသည်။ *အမ်အင်အေ၊ ဆင်ဟွာ။*

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်တို့ အင်အားသုံး၍ လက်ဘနွန်ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ် ဆီးရီးယားက ပထမဆုံးအကြိမ် တုံ့ပြန်ပြောကြား

ဒမတ်စကပ် မတ် ၂

အမေရိကန်ပြည်ထောင်စုသည် လက်ဘနွန်နိုင်ငံ ပင်လယ်ကမ်းခြေတွင် စစ်သင်္ဘောတစ်စင်း ချထားခြင်းအားဖြင့် လက်ဘနွန်နိုင်ငံ၏ နိုင်ငံရေးပြဿနာ အဖြေရှာခြင်းကို ဟန့်တားနှောင့်ယှက်နေကြောင်း ဆီးရီးယားက စနေနေ့တွင် စွပ်စွဲလိုက်သည်။

စစ်သင်္ဘော ယူအက်စ်အက်စ်ကိုးလ် လက်ဘနွန်ကမ်းခြေတွင် တပ်စွဲထားခြင်းနှင့်စပ်လျဉ်း၍ ကြာသပတေးနေ့က ထုတ်ပြန်သော အမေရိကန်အစိုးရ၏ ကြေညာချက်အပေါ် ဆီးရီးယားအစိုးရက ပထမဆုံးအကြိမ် တုံ့ပြန်ရာတွင် အမေရိကန်တို့သည် အင်အားသုံး၍ လက်ဘနွန်ပြဿနာကို ဖြေရှင်းနိုင်မှာမဟုတ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မော်လင်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် လက်ဘနွန်နိုင်ငံ၏ နိုင်ငံရေးအဖြေရှာခြင်းကို နှောင့်ယှက်နေကြောင်းကို ဆီးရီးယားနိုင်ငံက ပြောဆိုလျက်ရှိကြောင်း၊ ယခုကဲ့သို့ စစ်သင်္ဘောရှိနေခြင်းသည် ထိုအချက်ကို အခိုင်အမာညွှန်ပြနေခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအား ပြောသည်။

အမေရိကန် ကာကွယ်ရေးဌာန အရာရှိများက စစ်သင်္ဘော တည်ရှိနေခြင်းသည် လက်ဘနွန်နိုင်ငံရေးပြဿနာကို အမေရိကန်တို့ စိုးရိမ်ပူပန်မှုရှိကြောင်း ပြသခြင်းဖြစ်သည်ဟု ပြောသည်။

အမေရိကန်တို့က လက်ဘနွန်နိုင်ငံအား ဆီးရီးယားအစိုးရက ဝင်ရောက်စွက်ဖက်နေသည်ဟု အပြစ်တင်သည်။

အမ်အင်အေ/ရိုက်တာ။

အထက်လွှတ်တော်အမတ် ဘာရက် အိုဘားမားက ၎င်းအား ထောက်ခံသူများအား မတ် ၁ ရက်က နှုတ်ဆက်နေစဉ်။ ဓာတ်ပုံ-အင်တာနက်။

အီရတ်၌ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံး

လန်ဒန် မတ် ၂

အီရတ်နိုင်ငံတောင်ပိုင်းတွင် မတ် ၁ ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် ဘုရင့်လေတပ်ဖွဲ့မှဖြစ်ပြီး ဘာဆရာမြို့ပြင်ရှိ လေတပ်စခန်းကို တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံးခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ယခုအထိ သေဆုံးသူ ဗြိတိန်တပ်ဖွဲ့ဝင် ၁၇၅ ဦး ရှိပြီဖြစ်သည်။ အီရတ်နိုင်ငံတွင် လောလောဆယ်ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုဘားမားဓာတ်ပုံ ဝက်ဘ်ဆိုက်၌ဖော်ပြမှု ကလင်တန် လျော်ကြေးပေးရဖွယ်ရှိ

နိုင်ရိုဘီ မတ် ၂

ကင်ညာနိုင်ငံ မျိုးနွယ်စု အကြီးအကဲများက အမေရိကန်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်လျက်ရှိသော ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်အား လျော်ကြေးပေးရန် တောင်းဆိုကြမည်ဟု ဆိုသည်။

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဘာရက် အိုဘားမားသည် ဝတ်ရုံကြီးဝတ်ဆင်လျက် ကင်ညာတိုင်းရင်းသားများကိုအမေရိကန်သမ္မတပြိုင်ပွဲဆီသို့ ဆွဲခေါ်နေသော ဓာတ်ပုံ ပေါ်လာပြီးနောက် အထက်ပါအတိုင်း သတင်းထွက်လာခြင်းဖြစ်သည်။

အိုဘားမားသည် ကင်ညာနိုင်ငံအစွန်အဖျား ဝါဂျာဒေသသို့ ၂၀၀၆ ခုနှစ်က အလည်အပတ်ရောက်ရှိစဉ်က အဖြူရောင် ခေါင်းပေါင်းနှင့် ရိုးရာအဝတ်အစားများကို ဝတ်ဆင်ရိုက်ကူးထားသော ဓာတ်ပုံကို အမေရိကန်ဝက်ဆိုက်တစ်ခုတွင် တွေ့မြင်ရခြင်းကြောင့် ပြဿနာပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါဓာတ်ပုံ ပေါ်လာပြီးနောက် အိုဘားမား၏ လက်ထောက်များက ကလင်တန်သည် ရှက်စရာအကောင်းဆုံး ကောလာဟလ ထုတ်လွှင့်တိုက်ခိုက်သူဟု စွပ်စွဲကြသည်။

ကင်ညာနိုင်ငံ ဝါဂျာဒေသမှ သက်ကြီးပုဂ္ဂိုလ်တို့က နိုင်ရိုဘီရှိ အမေရိကန်သံရုံးသို့ အဆိုပါကိစ္စကို တရားဝင် တိုင်တန်းမည်ဖြစ်ပြီး သောကြာနေ့တွင် ကန့်ကွက်ဆန္ဒပြရန်လည်း စီစဉ်ထားသည်။

ဆိုမာလီရိုးရာ တရားရုံးသို့လည်း ထိုကိစ္စကို စုံစမ်းစစ်ဆေးရန်တိုင်ကြားမည်ဟု သူတို့က ပြောသည်။

အထက်လွှတ်တော်အမတ် ကလင်တန် သို့တည်းမဟုတ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်များသည် ထိုအမှုအတွက် လာရောက်ရင်ဆိုင်သည်ဖြစ်စေ၊ ရင်မဆိုင်သည်ဖြစ်စေ ၎င်းတို့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အိုဘားမားကို ထောက်ခံကြိုဆိုခဲ့သော မျိုးနွယ်စုခေါင်းဆောင်တစ်ဦးဖြစ်သူ မိုဟာမက် အီဘရာဟင်က ပြောကြားသည်။ သို့သော် ကလင်တန်က တောင်းပန်ခဲ့လျှင် ဤကိစ္စသည် ပြီးဆုံးသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ကလင်တန်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ထိုအငြင်းပွားဖွယ်ဓာတ်ပုံ ပေါ်ထွက်လာခြင်းနှင့် စပ်လျဉ်း၍ ငြင်းဆိုခဲ့သော်လည်း ဝန်ထမ်း ၇၀၀ ရှိသည့် အနက် တစ်စုံတစ်ယောက်က ၎င်းဓာတ်ပုံကို မပို့ဟု အသေအချာ မပြောနိုင်ကြောင်း ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားသမ္မတရွေးကောက်ပွဲတွင် ဖေဖော်ဝါရီ ၂၈ ရက်က အာတိတ်ဒေသမှ သမင်မွေးသူများ ကြိုတင်ဆန္ဒမဲ ပေးနေကြစဉ်။

အာမေးနီးယား ရွေးကောက်ပွဲရလဒ် ပြည်သူများ မကျေနပ်၍ ဆန္ဒပြ

ရီရီဗန် မတ် ၂

အာမေးနီးယားနိုင်ငံ မြို့တော်ရီရီဗန်တွင် မတ် ၁ ရက်တွင် ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်ကြသော ပြည်သူများက လမ်းများပေါ်၌ လှည့်လည်ကာ ကန့်ကွက် ဆန္ဒပြကြသည်။

အော်ဟစ်ပြောင်လှောင်

ဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက ဟန့်တားခဲ့ပြီး ၎င်းတို့ကလည်း ရဲတပ်ဖွဲ့ဝင်များအား အော်ဟစ်ပြောင်လှောင်ခဲ့ကြသည်။

ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ဆန္ဒပြသော လူအုပ်ကြီးသည် မြို့လယ်ရှိ သံတမန်ရပ်ကွက်သို့ ချီတက်သွားကြသည်။

ဝန်ကြီးချုပ် ဆာကစ်ဆီဗင်သည် ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် လီဗွန်တာပီထရိုဆီဗင်အား အနိုင်ရရှိခဲ့သည်။

အတိုက်အခံခေါင်းဆောင် ပီထရိုဆီဗင်က ငြိမ်းချမ်းစွာ ဆက်လက်ဆန္ဒပြကြရန် ဆန္ဒပြကြသူများအား တိုက်တွန်းလိုက်သည်။

အာမေးနီးယား သမ္မတရွေးကောက်ပွဲတွင် မစ္စတာ ဆာကစ်ဆီဗင်သည် မဲ ၅၃ ရာခိုင်နှုန်းရရှိပြီး ပီထရိုဆီဗင်က ၂၁ ရာခိုင်နှုန်းရရှိသည်။

အင်တာနက်။

အာမေးနီးယားပြည်သူများ မတ် ၁ ရက်က ဆန္ဒပြကြစဉ်။ *ဓာတ်ပုံ-အင်တာနက်*

ဂွါတီမာလာတွင် ဘတ်စ်ကားတစ်စီး လျှိုထဲသို့ ထိုးကျပြီးနောက် ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

ဂါဇာကမ်းမြောင်မြောက်ပိုင်းကို အစ္စရေးတိုက်ခိုက် ပါလက်စတိုင်း ၃၂ဦး သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရ

ဂါဇာ မတ် ၂

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင် မြောက်ပိုင်းဒေသရှိ ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများအား မတ် ၁ ရက်က ဝင်ရောက်တိုက်ခိုက်ရာ ပါလက်စတိုင်း ၃၂ ဦး သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တာဝန်ရှိသူက ပြောကြားသည်။

စောစောပိုင်းက သေဆုံးသူ ၂၇ဦး ဖြစ်ပြီး ဒဏ်ရာရရှိသူ ၆၀ ကျော် ရှိကြောင်း ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့က လေကြောင်းနှင့် မြေပြင်မှတိုက်ခိုက်မှုကြောင့် ကလေးသုံးဦး အပါအဝင် ပါလက်စတိုင်း ၃၂ ဦး သေဆုံးကြောင်း နောက်ဆုံးသတင်း အရသိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်များ တိုက်ခိုက်မှုကြောင့် ဘေးအန္တရာယ် ကြုံတွေ့နေရပြီး ဆေးဝါးနှင့် လောင်စာဆီပြတ်မှုကို အကူအညီပေးရန် ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက သတိပေးပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂွါတီမာလာတွင် ဘတ်စ်ကားလျှိုထဲကျ၊ ၃၇ ဦးသေဆုံး

ဂွါတီမာလာစီးတီး မတ် ၂

ဂွါတီမာလာနိုင်ငံတွင် ခရီးသည်အပြည့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် လျှိုတစ်ခုအတွင်းသို့ သောကြာနေ့က ထိုးကျသွားခဲ့ရာ ၃၇ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိကြောင်း အရေးပေါ် ကယ်ဆယ်ရေးအလုပ်သမားများက ပြောသည်။

ဘီးချော်ထိုးကျ

ဂွါတီမာလာနိုင်ငံတောင်ပိုင်း ချီကွီမူလီလာကျေးရွာသို့သွားသော ခရီးသည်များ တင်ဆောင်လာသော အဆိုပါ ဘတ်စ်ကားသည် အရှိန်ဖြင့် အကွေ့တွင် ဘီးချော်၍ လျှိုထဲသို့ ကျသွားခြင်းဖြစ်သည်ဟု မြူနီစီပါယ် မီးသတ်ဌာန အရာရှိတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသောသူများကို အနီးအနားရှိ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်ဟု ၎င်းက ပြောသည်။

အမ်အင်အေ၊ ရိုက်တာ။

တိုင်းပြည်၏ သမိုင်းကြောင်း အလှည့်အပြောင်းအရ မိမိတို့အပေါ် ကျရောက်လာသော နိုင်ငံ့တာဝန်များကို နိုင်ငံတော်အစိုးရအနေဖြင့် မဖိုတ်မသုန် တာဝန်ယူ၍ ကြိုးပမ်းအားထုတ် ထမ်းဆောင်လျက်ရှိ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထားဝယ်မြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး လေယာဉ်ပြေးလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထားဝယ်မြို့ မြို့တော်ခန်းမသို့ သွားရောက်ကြပြီး ထားဝယ်ခရိုင်နှင့် ထားဝယ်၊ လောင်းလုံ၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမင်းက ထားဝယ်ခရိုင်၏ အကျယ်အဝန်းနှင့် လူဦးရေ၊ ဒေသဝမ်းစာ ဖူလုံပိုလျှံမှု၊ ဆီအုန်း ၂၇၇၄၃ ဧက၊ ရော်ဘာ ၆၇၂၆၄ ဧက၊ ငရုတ်ကောင်း ၁၅၂၀၈ ဧကနှင့် ခြံစည်းရိုးကြက်ဆူ ၇၃၅၆ ဧက စိုက်ပျိုးပြီးစီးမှု၊ ရေထွက်ပစ္စည်း ထုတ်လုပ်နိုင်မှုနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဒေသဝမ်းစာဖူလုံရေးအတွက် ထားဝယ်ခရိုင်က အားထားရသည့် အခြေအနေများ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း ဆက်လက်တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ပွင့်လင်းရာသီအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တနင်္သာရီတိုင်းသို့ လာရောက်ရသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မှာကြားရာတွင် တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတ၊ သတ္တုနှင့် သစ်တောသယံဇာတ ပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ကြောင်း။

သဘာဝအနေအထားအရ ပင်လယ်ပြင်မှ ငါး၊ ပုစွန် ရေသယံဇာတများကို ရှာဖွေဖမ်းယူရရှိနိုင်သကဲ့သို့ ငါး၊ ပုစွန်မွေးမြူရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ သတ္တုသိုက်များရှိသဖြင့် တစ်ချိန်က ထားဝယ်ဒေသသည် သတ္တုထုတ်လုပ်မှု၌ နာမည်ရှိခဲ့ကြောင်း။

ထို့ပြင် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ဆီအုန်းကို စီးပွားဖြစ်စိုက်ပျိုးရန် ရေမြေရာသီဥတု အခြေအနေပေးသည့် ဒေသလည်းဖြစ်ကြောင်း။

သို့ရာတွင် နှစ်ပေါင်းများစွာ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့် သဘာဝသယံဇာတများကို အကျိုးရှိ ထိရောက်စွာ အသုံးမချနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်အတွက်ရော ဒေသခံတိုင်းရင်းသားပြည်သူများအတွက်ပါ သယံဇာတအခြေခံများဖြင့် ပြည့်စုံသော တိုင်းနယ်မြေဖြစ်သည့်အတွက် အမှန်တကယ် ကြိုးစားအလုပ်လုပ်မည်ဆိုပါက တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အားအထားရဆုံး တိုင်းတစ်တိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသော တိုင်းတစ်တိုင်း ဖြစ်လာနိုင်သည်ဟု မြော်မြင်တွက်ဆ လမ်းညွှန်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

တနင်္သာရီတိုင်း၌ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင်၊ အုပ်ချုပ်ရေးအာဏာစက်ကို နယ်စပ်ဒေသအထိ ကျယ်ပြန့်ထိရောက်အောင် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်နီးပါးခန့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းခဲ့ပြီဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားအခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း။

ရေးမြို့၌ နှစ်ပေါင်းများစွာ အဆုံးသတ်ထားသည့် ရထားလမ်းကို ထားဝယ်မြို့အထိ တိုးချဲ့ဖောက်လုပ်ပြီး ၁၉၉၈ ခုနှစ်၌ မိုင်ပေါင်း ၁၀၀ ကျော်သည့် ရေး–ထားဝယ် ရထားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် မိုင်ပေါင်း ၄၀၀ ကျော်ရှိသည့် ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ကားလမ်းကို ပြည်ထောင်စုလမ်းမကြီးအဖြစ် ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ကြောင်း။

ယင်းလမ်းတစ်လျှောက် လိုအပ်သော မြစ်ကူးချောင်းကူးတံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ ကျွဲကူး–ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ တနင်္သာရီတံတား၊ လေညာမဏ္ဍိုင်တံတားတို့ကို တည်ဆောက်ပေးခဲ့ရာ ယခုအခါ ထားဝယ်–မြိတ်မှ ကော့သောင်းအထိ ရှည်လျားလှသော ကားလမ်းကို ပြည်သူများလက်တွေ့အသုံးချနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ မြောက်ဘက်စွန်း ပူတာအိုမှ တောင်ဘက်စွန်း ကော့သောင်းအထိ တောတောင်အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းသည် ယနေ့မျက်ဝါးထင်ထင် တည်ရှိနေပြီဖြစ်ကြောင်း။

အလားတူပင် လေကြောင်းဆက်သွယ်ရေးကောင်းမွန်ရန် ထားဝယ်၊ မြိတ်၊ ကော့သောင်းလေဆိပ်တို့ကို တိုးချဲ့ပြင်ဆင်ခဲ့ပြီး ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏စီးပွားရေး၊ လူမှုရေးအခြေအနေများသည် လိုက်လျောညီစွာ တိုးတက်လာလျက်ရှိကြောင်း၊ လုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဆောက်ရွက်ရင်း ဒေသ၏ရေမြေအခြေအနေအရ ဖြစ်ထွန်းနိုင်သော ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာရန် ခွင့်ပြုအားပေးခဲ့ကြောင်း။

ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးခြင်းဖြင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးဖြစ်လာအောင် ရည်မှန်းဆောင်ရွက်ရန် တာဝန်ပေးထားရာ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုးမှုသည် ဧကနှစ်သိန်းနီးပါးခန့် ရှိလာပြီဖြစ်ကြောင်း။

ထို့အတူ ရော်ဘာကို ဧကနှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးခဲ့ရာ ယခုအခါ ဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်သကဲ့သို့ ငရုတ်ကောင်းစိုက်ဧကမှာလည်း ဧက ၃၅၀၀၀ ခန့် ရှိလာပြီဖြစ်ကြောင်း။

မိမိတို့ နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံရဦးမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဘက်စုံမှ အလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ပြည်နယ်/တိုင်းအလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဖြစ်ထွန်းနိုင်သော အမယ်သစ်သီးနှံများ စိုက်ပျိုးရေး၊ ဒေသအလိုက် စားနပ်ရိက္ခာ ဖူလုံရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို တိုးချဲ့တည်ဆောက်ခဲ့ရာ ယခုအခါ ဆည်တမံလုပ်ငန်း ပေါင်း ၂၀၈ ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၀၅ ခု၊ မြေအောက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၀၂၃ ခုအထိ တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၈ ခုနှစ်၌ နိုင်ငံတော်တွင် ရေသွင်းစိုက်ဧက ၁ ဒသမ ၄ သန်းခန့်ရှိရာမှ ယခုအခါ ဧကငါးသန်းခန့်အထိ တိုးတက်လာကြောင်း၊ သီးနှံစိုက်ဧရိယာ ဧကများလည်း ၁၆၂ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာကြောင်း။

စပါးစိုက်ဧကမှာလည်း ယခင်က ဧက ၁၂ သန်းခန့်ရှိရာမှ ယခုအခါ ဧကသန်း ၂၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ပြီး စပါးတင်းသန်း ၁၅၀၀ ထုတ်လုပ်နိုင်ရာ နိုင်ငံတော်၌ ပြည်တွင်းစားသုံးရန် ဆန်စပါးဖူလုံရုံသာမက ပိုလျှံလျက်ရှိကြောင်း။

တစ်နိုင်ငံလုံး ဆန်စပါးဖူလုံပိုလျှံမှုကို ပိုမိုခိုင်မာစေရန် ပြည်နယ်/တိုင်းနယ်မြေအလိုက် ဒေသဆန်ဖူလုံမှုရှိအောင် တိုက်တွန်းအားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်းဆိုလျှင် ယခုအခါ ဆန်စပါးဖူလုံသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဆန်စပါးဖူလုံအောင် ထပ်ဆင့်အားထုတ်ကြိုးပမ်းကြရန်လိုကြောင်း။

တနင်္သာရီတိုင်းသည် ရေမြေရာသီဥတု အခြေအနေပေးသည့် စိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းလုပ်ကိုင်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူတို့၏ စီးပွားရေးအခြေအနေသည် တောင့်တင်းခိုင်မာလာပြီး လူတစ်ဦးချင်း၏ ဝင်ငွေမှာလည်း တိုးတက်လာမှာဖြစ်ကြောင်း။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✽

နည်းပညာတက္ကသိုလ် (ထားဝယ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၆ မှ

နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးသင့်သည်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်းအတွင်း ပညာတတ်များ ပေါ်များပြီး ကျန်းမာကြံ့ခိုင်သောလူ့အရင်းအမြစ်များ လုံလုံလောက်လောက် ဖြစ်ထွန်းရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့၌လည်း လိုအပ်သော အခြေခံကောင်းများကို ရင်းနှီးတည်ဆောက်ပေးလျက်ရှိနေကြောင်း။

တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၅၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခင်က ကျောင်းသား ၅ ဒသမ ၂ သန်းကျော် ရှိခဲ့ရာမှ ယခု အခြေခံပညာကျောင်းသားပေါင်း ၇ ဒသမ ၈ သန်းကျော်အထိ ရှိလာကြောင်း။

ထို့အတူ အဆင့်မြင့်ပညာသင်ကြားပေးသည့် တက္ကသိုလ်များကိုလည်း တိုးမြှင့်ဖွင့်လှစ် လျက်ရှိကြောင်း၊ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုရှိရာမှ ယခု ၁၅၆ ခုအထိ ရှိလာကြောင်း၊ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဘွဲ့ရပညာတတ် ၁၃ ဒသမ ၆ သိန်းကျော် မွေးထုတ်နိုင်ခဲ့ကြောင်း။

တနင်္သာရီတိုင်း၌ အခြေခံပညာကျောင်းပေါင်း ၉၆၂ ကျောင်းရှိခဲ့ရာမှ ယခု ၁၁၃၇ ကျောင်း အထိလည်းကောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခု၊ နည်းပညာတက္ကသိုလ်နှစ်ခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ်တစ်ခု စသည်ဖြင့် အဆင့်မြင့်ပညာကျောင်းများကိုလည်းကောင်း တိုးချဲ့မြှင့်တင်ထားပြီး ဖြစ်ကြောင်း။

ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်မှာ နိုင်ငံသားတိုင်းသက်တမ်းစေ့ ကျန်းမာသက်ရှည်ရန်ဖြစ်ကြောင်း။

ယခုဆိုလျှင် တစ်နိုင်ငံလုံး၌ ဆေးရုံပေါင်း ၈၃၉ ခုရှိနေပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆေးတက္ကသိုလ်များ အပါအဝင် ဆေးဘက်ဆိုင်ရာတက္ကသိုလ်ပေါင်း ၁၆ ခု ဖွင့်လှစ်၍ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်းအတွင်း၌ပင် ခုတင် ၂၀၀ ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံသုံးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံနှစ်ရုံ၊ ၁၆ ခုတင်ဆံ့ မြို့နယ်ဆေးရုံနှစ်ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၈ ရုံတို့ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။

ဤသည်တို့မှာ နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ကြိုးစားတည်ဆောက်ထူထောင်ပေးထားသည့် အခြေအနေအကျဉ်းမျှသာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တနင်္သာရီတိုင်း အပါအဝင် ပြည်ထောင်စုကြီး၏ ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးလာစေလိုသည့် စေတနာရည်မှန်းချက်အရ လုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရတစ်ဖွဲ့တည်းကသာ အစစတာဝန်ယူတည်ဆောက်ပေးနေ၍မဖြစ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်း တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

တိုင်းပြည်၏သမိုင်းကြောင်း အလှည့်အပြောင်းအရ မိမိတို့အပေါ် ကျရောက်လာသော နိုင်ငံ့တာဝန်များကို နိုင်ငံတော်အစိုးရအနေဖြင့် မမိုတ်မသုန် တာဝန်ယူ၍ ကြိုးပမ်းအားထုတ်ထမ်းဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာခဲ့သည့်နည်းတူ ဆက်လက်၍လည်း ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတည်ဆောက်ရာ၌ ချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စတုတ္ထအဆင့် သို့ရောက်ရှိပြီး လာမည့်မေလ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူအများစု၏ဆန္ဒအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသွားမှာဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်၌ အတည်ပြုထားသည့် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၌ တာဝန်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်း စုံ၊ တိုင်းရင်းသားပေါင်းစုံတို့ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်သစ်အတွက် အမှန်တကယ်လိုအပ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်နယ်၊ တိုင်းအသီးသီး၌ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများက ဆန္ဒမဲပေး၍ အဆုံးအဖြတ်ပြုရမှာ ဖြစ်ကြောင်း။

ယနေ့ပြည်သူများသည် ၁၉၈၈ခုနှစ်က ပြည်သူများမဟုတ်တော့ကြောင်း၊ အကောင်းနှင့် အဆိုး၊ အပြုသဘောလုပ်ရပ်နှင့် အဖျက်သဘောလုပ်ရပ်များကို မှန်မှန်ကန်ကန် ခွဲခြားသိမြင်တတ်သည့် ပြည်သူများဖြစ်ကြကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ လောင်းလုံ၊ ရေဖြူ၊ သရက်ချောင်း မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏အနာဂတ်သည် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်သောပြည်သူများ၏ အဆုံးအဖြတ်ပေါ်၌သာ တည်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထားဝယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ထားဝယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ထားဝယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့အတွက် ဝတ်စုံများ၊ အခြေခံပညာ ကျောင်းများအတွက် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို တာဝန်ရှိသူများထံပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြပြီး ပင်မဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ Ever Green Fine Arts Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးသန်းရွှေက ပင်မဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးက ပညာသင်ကြားပို့ချမှု အခြေအနေများ၊ ပါရဂူဘွဲ့ရရှိသူများ မွေးထုတ်ပေးနိုင်မှုများ၊ တက္ကသိုလ်၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ထားဝယ်တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဝန်ကြီးချုပ်က တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ၊ အရိပ်ရသစ်ပင်များစိုက်ပျိုးရေး၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အချင်းအရည်အသွေးများ အစဉ်တိုးတက်နေရေးအတွက် ပညာကို အဆက်မပြတ်လေ့လာဆည်းပူးရေး၊ မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်နှင့် ဒေသက အားထားရသည့် ပညာရှင်များဖြစ်အောင်၊ အသိပညာအတတ်ပညာအရ တကယ်တတ်ကျွမ်းသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ပြုစုပေးရေး၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာသူများဖြစ်အောင်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စု စိတ်ဓာတ်ရှိနေအောင် လေ့ကျင့် သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာများ ကျယ်ပြန့်စွာသိရှိလာစေရန်၊ ရောဂါကာကွယ်နိုင်သည့် နည်းများ၊ ရောဂါမဖြစ်ပွားရေးအတွက် ရှောင်ကြဉ်သင့်သည်များကို ပညာပေးရန်၊ ရောဂါဖြစ်လာပါက ထိထိရောက်ရောက်ဖြင့် စေတနာထားကုသပေးရန်၊ ကျေးလက်အရောက်သွားရောက်၍ ပညာပေး၊ ကာကွယ်ကုသပေးကြရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ဌာန၊ လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သက်ဆိုင်ရာ တာဝန်ခံဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီး ဦးထွန်းနေအောင်ထံ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ် (ထားဝယ်)သို့ သွားရောက်ကြပြီး တက္ကသိုလ်အဝင်လမ်းမကြီးဖောက်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ ပင်မသုံးထပ်စာသင်ဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ Kyaw Tha Construction Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်အေးက နည်းပညာတက္ကသိုလ် (ထားဝယ်) ပင်မ သုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာနန်းနီနီမြင့်နှင့် ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာသီသီစိုးတို့က တက္ကသိုလ်အလိုက် ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအင်အား၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု၊ သင်ကြားပေးသည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ တိုင်းမှူးနှင့် ဗိုလ်ချုပ်သာအေးတို့က ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ရာလက်သားကောင်းမွန်စွာဖြင့် နည်းပညာတက္ကသိုလ်(ထားဝယ်)ကို အပြီးသတ်တည်ဆောက်ရေး၊ တက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များစိုက်ပျိုးရေး၊ တက္ကသိုလ်၏ဂုဏ်သိက္ခာမြင့်မားရေး၊ မိမိဇာတိ၊ မိမိကျောင်းကို အမြဲအမှတ်တရ ဂုဏ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်တို့ကိုမှာကြားသည်။ (သတင်းစဉ်)

ထားဝယ်တက္ကသိုလ် ပင်မဆောင် ဆောက်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

အတည်ပြုသည့် မဲတစ်ပြား ပန်းတိုင်ချီသည့် ခြေလှမ်းများ

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၈)နှင့် (၂/၂၀၀၈)ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ကြေညာချက်နှစ်ခုအရ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် တပ်မတော်က တာဝန်ယူ အုပ်ချုပ်ခြင်းကို ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန် သင့်လျော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အချိန်ဇယားထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် မိမိတို့ပြည်သူများ၏ တာဝန်မှာလည်း တိကျရှင်းလင်းစွာ ထင်ရှားလာပြီ ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကလည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အမျိုးသားညီလာခံကြီးက ချမှတ်ထားသော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီး၍ အတည်ပြု မော်ကွန်းတင်လက်မှတ် ရေးထိုးပြီးခဲ့ပါသည်။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ အဟန့်အတား အနှောင့်အယှက်များကြားမှ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် ၂၀၀၇ ခုနှစ်တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်၊ အမျိုးသားအကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု မမိတ်မသုန် ယုံကြည်ခဲ့ကြလေသည်။ သို့မှသာ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ တစ်နည်းအားဖြင့် လွတ်လပ်ရေး၏ အရသာကို တိုင်းရင်းသားပြည်သူများ မျှမျှတတ ရရှိခံစားရမည်ဟု ခံယူခဲ့ကြသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့နှင့် ပြည်ပမီဒီယာတို့၏ နှောင့်ယှက်မှုများကြားမှ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အမျိုးသားညီလာခံကြီး ကျင်းပစဉ်တစ်လျှောက်လုံး ညီလာခံကိုယ်စားလှယ်ကြီးများ၏ ပါဝင်ဆွေးနွေး တင်ပြမှုများကို မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံတွင် တိုက်ရိုက်တွေ့မြင် သိနားလည်ခွင့်ရသကဲ့သို့ နေ့စဉ်ထုတ် သတင်းစာများ၌လည်း ဆက်တိုက်ဖော်ပြပေးခဲ့သည့်အတွက် အကျယ်တဝင့် ဖတ်ရှုလေ့လာသုံးသပ်နိုင်ခဲ့ပါသည်။ မိမိနိုင်ငံ၏ အသက်သွေးကြောတမျှ အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို သုံးသပ်နိုင်သော အခွင့်အလမ်းကို ပြည်သူအားလုံး ရရှိခဲ့ကြပါသည်။ ထို့ပြင် နေ့စဉ်ထုတ်သတင်းစာများတွင် ဆောင်းပါးရှင် အသီးသီး၏ အမျိုးသားညီလာခံနှင့်ပတ်သက်သည့် ရှုမြင်သုံးသပ်ချက်များကို ဖတ်ရှုလေ့လာနိုင်ခဲ့သည့်နည်းတူ ဆောင်းပါးရှင် "စိုးမြကျော်" ၏ **"အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန် ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ"** ဆောင်းပါးရှည်ကိုလည်း သတင်းစာ၌လည်းကောင်း၊ စာအုပ်အသွင်ဖြင့်လည်းကောင်း လေ့လာမှတ်သားနိုင်ခဲ့ပါသည်။

ထို့မျှမက ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေသော **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ"** စာအုပ်ကိုလည်း လွယ်လင့်တကူ ဝယ်ယူလေ့လာဖတ်ရှုခွင့်ရခဲ့ကြပြီး ဖြစ်ပါသည်။

အမျိုးသားညီလာခံ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအထိ သွားရောက်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ထပ်ဆင့်ရှင်းလင်းနေသည်ကိုလည်း မိမိတို့ပတ်ဝန်းကျင်၌ ကြားသိတွေ့မြင်နေရပါသည်။

ထိုသို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပါဝင်မည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာသုံးသပ်မိလေတိုင်း နှစ်ခြိုက်ပီတိဖြင့် အနာဂတ် နိုင်ငံတော်သစ်အတွက် အားတက်မိရမြဲဖြစ်ပါသည်။ သို့သော် ဆန့်ကျင်ဘက် အဖျက်သမားများကမူ အမျိုးသားညီလာခံကျင်းပပုံကို ရုပ်သံမှလွှင့်နေသည်ကိုလည်းကောင်း၊ အခြေခံမူများကို နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြပေးသည်ကိုလည်းကောင်း မျက်ကွယ်ပြုကာ သေချာစွာလေ့လာသုံးသပ်မှုမပြုခဲ့ကြပေ။ ၎င်းတို့နှင့် မသက်ဆိုင်သကဲ့သို့နေရုံတင်မက ဆီလိုအပေါက်ရှာ ဆန့်ကျင်အပြစ်တင်နေပုံကိုပါ တွေ့ရသောအခါ မြန်မာနိုင်ငံသား မပီသလေခြင်းဟု သုံးသပ်မိပါသည်။

ဤသို့ အမျိုးသားညီလာခံကြီး၏ အနှစ်သာရကိုခံစားနိုင်ပါလျက် လေ့လာခံစားမှုမရှိပါက ပြည်တွင်း၊ ပြည်ပအဖျက်သမားတို့ လှည့်စားရာနှင့် ပါတီနိုင်ငံရေးသမားများ၏ ဖြားယောင်းရာကို ပါသွားနိုင်ပါသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ဝန်းအတွက် အသက်တမျှအရေးပါလှပေသည်။ ကုန်းဘောင်ခေတ်၌ ယောအတွင်းဝန်ဦးဘိုးလှိုင်ပြုစုသော ရာဇဓမ္မသင်္ဂဟကျမ်းသည် မြန်မာနိုင်ငံ၏ ကနဦးပေါ်ပေါက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသဖွယ်ဖြစ်ခဲ့ပါသည်။ ထို့နောက် ၁၉၄၇ခုနှစ်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ခဲ့ပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်ထက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမိုသာလွန်မှုတစ်ခုမှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် ၆၀ရာခိုင်နှုန်းပါဝင်သည့် အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ် ၁၀၀၀ကျော် ပါဝင်တက်ရောက်သော "အမျိုးသားညီလာခံကြီး"က ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။

ခြင်ကျား(မအူပင်)

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်သောကြောင့် ပြည်ထောင်စုစနစ်ဖြင့် နေထိုင်သွားရန် ပေါ်ပေါက်လာမည့် အခြေခံဥပဒေက ဖွင့်ဆိုထားပါသည်။ ပေါ်ပေါက်လာမည့် အခြေခံဥပဒေအရ တိုင်းဒေသကြီး(၇)ခု၊ပြည်နယ်(၇)ပြည်နယ်နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် "ဓနု"၊ "ပအိုဝ်း"၊"ပလောင်"၊ "ကိုးကန့်" နှင့် "နာဂ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအခန်း (၁၀) ပုဒ်မ (၂၀၁)တွင် ပြည်ထောင်စုမှ ခွဲထွက်ခွင့်ကို ထည့်သွင်းပြဋ္ဌာန်းမိခဲ့သဖြင့် ၁၉၆၂ ခုနှစ်တွင် ဖက်ဒရယ်မူပြဿနာမျိုး ပေါ်ပေါက်ခဲ့ရသည့် သင်ခန်းစာကိုယူ၍ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၌ ရေးဆွဲထားပါသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရမည့် အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စု နယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ မခွဲထွက်ရဟု ချမှတ်ထားသည်ကို တွေ့ရပါသည်။

ယခုပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အနာဂတ်နိုင်ငံတော်၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် (၇)ခု၊ ပြည်နယ်လွှတ်တော် (၇)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့တစ်ဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ (၅)ဖွဲ့ဟူ၍ ဥပဒေပြုရေးအခွင့်အာဏာ ခွဲဝေကျင့်သုံးထားပါသည်။

တပ်မတော်သည် တိုင်းပြည် ချောက်ကမ်းပါးထဲ ကျခါနီးတိုင်း အမျိုးသားနိုင်ငံရေး တာဝန်ဖြစ်သော နိုင်ငံတော် ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း ၁၉၄၈ခုနှစ်၊ ၁၉၅၈ခုနှစ်၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ် သမိုင်းဖြစ်စဉ်များက သက်သေပြုလျက်ရှိသည်။ သို့သော် ပါတီနိုင်ငံရေးသမားတို့က ၎င်းတို့ အကျပ်အတည်းကြုံလာမှသာ တပ်မတော်ကို သတိရကြပြီး မိမိတို့ အာဏာငတ်မွတ်လာပါက တပ်မတော်ကို ရန်ရှာနေကြမြဲ ဖြစ်ကြပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်ပါဝင်မှုကို ဆန့်ကျင်နေကြခြင်းဖြစ်ပါသည်။ သို့ရာတွင် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၄၀ ရှိရာတွင် လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ်ဦးရေမှာ ၃၃၀ ဖြစ်ပြီး တပ်မတော်ကိုယ်စားလှယ်မှာ ၁၁၀ ပါဝင်မည်ဖြစ်သဖြင့် တပ်မတော်ကိုယ်စားလှယ်သည် အရွေးခံထားရသော လွှတ်တော်ကိုယ်စားလှယ်၏ သုံးချိုးတစ်ချိုးသာရှိသည်ကို တွေ့ရပါမည်။ အမျိုးသားလွှတ်တော်ဖွဲ့စည်းရာ၌လည်း ကိုယ်စားလှယ် ၂၂၄ ဦး သတ်မှတ်ထားကာ ၁၆၈ဦးအား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက အချိုးညီရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားပြီး ကျန် ၅၆ဦးကိုသာ တပ်မတော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသည်ကို တွေ့ရပေသည်။ ယင်းသို့ တပ်မတော်ကိုယ်စားလှယ်များပါဝင်မှုသည် အများသဘောတူဆုံးဖြတ်ရမည့်ကိစ္စများ၌ အသာစီးရယူမှုမျိုးမရှိဘဲ နိုင်ငံတော်အကျိုးစီးပွားအတွက် လိုအပ်ပါက ထိန်းညှိနိုင်ရန်အတွက် အပြုသဘောဆောင်နေကြောင်း ထင်ရှားစွာ တွေ့ရပေသည်။

မြန်မာနိုင်ငံ၏ လူဦးရေအနေအထားအရ ဗမာတိုင်းရင်းသားက လူဦးရေအများဆုံးဖြစ်ရာ လူဦးရေကို အခြေခံ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးလျှင် တိုင်းရင်းသားများ နစ်နာနိုင်ပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ရာ၌ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို

မြန်မာနိုင်ငံ၏ လူဦးရေအနေအထားအရ ဗမာတိုင်းရင်းသားက လူဦးရေအများဆုံးဖြစ်ရာ လူဦးရေကို အခြေခံ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးလျှင် တိုင်းရင်းသားများ နစ်နာနိုင်ပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ရာ၌ မြို့နယ်ကို အခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးချယ်မည်ဖြစ်ရာ လူဦးရေနည်းသော တိုင်းရင်းသားများအတွက် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် ပိုမိုရရှိစေသည်ကို တွေ့ရပါသည်။

ပြည်သူတို့မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက် ရေးနှင့် တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များ ဖြစ်ပါသည်။ ထိုအခြေခံကောင်းများကို တပ်မတော်သည် ပြည်သူနှင့် လက်တွဲ၍ ကြိုးပမ်းဖော်ဆောင်ပေးထားပြီးဖြစ်သည်။

အခြေခံ၍လည်းကောင်း ရွေးချယ်မည်ဖြစ်ရာ လူဦးရေနည်းသော တိုင်းရင်းသားများအတွက် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် ပိုမိုရရှိစေသည်ကို တွေ့ရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသမရရှိကြသော တိုင်းရင်းသား အသီးသီးအတွက်ကိုလည်း မနစ်နာစေရန် နိုင်ငံလူဦးရေ ၀ ဒသမ ၁ ရာခိုင်နှုန်းအထက် လူဦးရေရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဥပဒေပြုရေးတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ပေးထားလေသည်။

"နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း"တွင်လည်း ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝပေးထားပါသည်။ ပုဒ်မ (၄၂)တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို စောင့်ထိန်းရန်တာဝန်ရှိသည်"** ဟု ထည့်သွင်းသတ်မှတ်ထားသည်ကို တွေ့ရလေသည်။ နိုင်ငံသားတိုင်း ဤအမျိုးသားနိုင်ငံရေးမူဝါဒကို စောင့်ထိန်းကျင့်သုံးကြသည်နှင့်အမျှ ပြည်ထောင်စုကြီး အရှည်တည်တံ့မည်ဖြစ်ပြီး မြန်မာ့မြေပုံသည် ကမ္ဘာ့အလယ်တွင် အရှည်ခံ့တည်တံ့နေမည်ဖြစ်ပါသည်။ နိုင်ငံသား သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ မြေမျိုးလျှင် လူမျိုးမပြုတ်၊ လူမျိုးလျှင် လူမျိုးပြုတ်မည် ဆိုသည့်စကားရပ်ကို မျက်ခြည်မပြတ် အလေးဂရုပြုရမည် ဖြစ်သည်။ နိုင်ငံရေးပါတီများအခန်းနှင့် စပ်လျဉ်း၍လည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ပါတီစုံစနစ်နှင့် တစ်ပါတီစနစ်တို့ ကောင်းမွေဆိုးမွေတို့ကို သမိုင်းအတွေ့အကြုံနှင့်ယှဉ်၍ ဂုဏ်သိက္ခာရှိသောပါတီစုံစနစ်သို့ရောက်ရှိရန် အကျေအလည် ညှိနှိုင်းဆွေးနွေးအကြံပြုပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားသည်ကို တွေ့ရလေသည်။

အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးပုံ အဆင့်ဆင့်၌လည်း တိုင်းရင်းသားပြည်သူများ လက်ဝယ်သို့ စနစ်တကျအပ်နှံသော ယခုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို နိုင်ငံသားများ ခံစားလေ့လာနိုင်ပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကို အာဏာ ခွဲဝေအပ်နှံထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို အပ်နှင်းထားသည်ကို တွေ့မြင်နိုင်ပါသည်။

တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၊ စစ်ဘက်ဆိုင်ရာတရားရုံးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် တရားရုံး အဆင့်ဆင့်တို့ဖြင့် တရားစီရင်ရေးအာဏာကို ခွဲဝေကျင့်သုံးသွားမည် ဖြစ်သည်။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ သမ္မတ အုပ်ချုပ်သော စနစ်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရများနှင့် ပြည်နယ်အစိုးရများအား ခွဲဝေအပ်နှင်းပုံ အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းပုံတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များက နှီးနှောဖလှယ်ကာ ရင့်ကျက်ကြွယ်ဝသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် အတိတ်က ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ရပ်၏ အားနည်းချက်၊ အားသာချက်များကို စိစစ်သုံးသပ်ပြီး ယနေ့ မြန်မာ့လူ့ဘောင် (ဝါ) ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် ကိုက်ညီမှန်ကန်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ကလည်း ရတောင့်ရခဲသော အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အမျိုးသားညီလာခံကြီးက ချမှတ်ထားသော အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲအတည်ပြုခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတော့မည်ဖြစ်ရာ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုမည့် အဖွဲ့အစည်းများအတွင်း မူဝါဒနှင့် ရည်ရွယ်ချက်ချင်း မတူညီကြသည့်၊ ကွဲပြားခြားနားမှုရှိကြသည့် အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါရှိလာမည်ဖြစ်သည်။ ယခု ရေးဆွဲပြီးစီးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုပုဂ္ဂိုလ်များ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုသည့်အခါတွင် နိုင်ငံ့အကျိုး၊ ပြည်သူများ၏ အကျိုးစီးပွားကို မဖောက်မပြန် ရှေးရှုဆောင်ရွက်နိုင်ရန် ထိန်းကျောင်းပေးသည့် ပဋိညာဉ်စာချုပ်ကြီးပင်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူတို့၏ ဆန္ဒနှင့်အညီ အတည်ပြု ပြဋ္ဌာန်းပြီးပါက အနောက်အင်အားကြီးနိုင်ငံအချို့၏ မြန်မာနိုင်ငံကို ခေတ်သစ်နည်းဖြင့် ကျွန်ပြုရေး၊ သြဇာခံအခြွေအရံနိုင်ငံ ထူထောင်ရေး စီမံချက်နှင့် ပြည်တွင်းရှိ ပြည်ပသြဇာခံပုဂ္ဂိုလ်အချို့၏ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေး စီမံချက်များသည်လည်း မလွဲမသွေ ပျက်စီးချုပ်ငြိမ်း မိုက်ဇာတ်သိမ်းတော့မည်ဖြစ်လေသည်။

ပြည်သူတို့မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များ ဖြစ်ပါသည်။ ထိုအခြေခံကောင်းများကို တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ ကြိုးပမ်းဖော်ဆောင်ပေးထားပြီး ဖြစ်သည်။ ပြည်တွင်း၊ပြည်ပ အဖျက်သမားတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ထွက်မီ၌ စိုးရိမ်ကြောင့်ကြစွာ ဟန့်တားနှောင့်ယှက်ကြသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရာ၌လည်း ဟန့်တားနှောင့်ယှက်ကြမည်ဖြစ်ရာ အဖျက်အန္တရာယ်မှန်သမျှ၏ ဦးတည်ချက်ကို နားလည်သိရှိပြီး အမျိုးသားရေးသတိ အစဉ်ရှိလျက် တွန်းလှန်ဖယ်ရှားသွားကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့ မျှော်မှန်းသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ကြပါစို့ ...။

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံနိုင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုကြရာ၌ ထောက်ခံဆန္ဒမဲတစ်ပြားကို အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် သတ်မှတ်အတည်ပြုကြပါစို့ ...။

မိမိတို့၏ ထောက်ခံဆန္ဒမဲတစ်ပြားသည် လောကပါလတရားများ ထွန်းကားသော နိုင်ငံတော်သစ်ကို ချီတက်ရာ၌ တူညီသော ခြေလှမ်းသစ်အဖြစ် မျှော်မှန်းအတည်ပြုကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ကျိုက်မှော်ဝန်း ရေလယ်စေတီတော် (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မတ် ၂

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်၏ (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ တော်ကို တပေါင်းလဆန်း ၈ရက်မှ လပြည့်ကျော် ၁ရက်(မတ် ၁၄ရက်မှ ၂၂ရက်) အထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ် ၁၄ရက် နံနက် ၈နာရီတွင် ဗုဒ္ဓပူဇနီယပွဲ တော် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ထိုနေ့ညမှ မတ် ၁၆ရက် ညအထိ အရှင်သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)၊ အရှင်နန္ဒဝံသ(ဓမ္မာစရိယ)၊ အရှင်အာစာရလင်္ကာရ(ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ)ဆရာတော်ကြီးများက ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

မတ် ၁၇ ရက်မှ ၂၁ ရက်အထိ စေတီတော် ငါးစပ်ဘုရား အာရုံခံ တန်ဆောင်းအတွင်း၌ စေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်အရှင်မြတ်အပါး ၃၀ တို့က မဟာပဋ္ဌာန်း ဒေသနာတော်များကို အသံမစဲ ရွတ်ဖတ်ပူဇော်ကြပြီး တပေါင်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် စေတီတော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူ ပူဇော်ခြင်းနှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသစ် မိသားစုများ၏ (၃၂)ကြိမ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းသပိတ်များ ရေမျှောလှူဒါန်းခြင်းနှင့် တပေါင်းလပြည့်(မတ် ၂၁ရက်) နံနက် ၁၀ နာရီ ရွှေမှော်ဝန်း သာသနာ့ဗိမာန်၌ ပင့်သံဃာ ၁၅၆ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁နာရီတွင် ဆွမ်းဆန်စိမ်းနှင့် ငွေပဒေသာပင်များ လောင်းလှူကြပြီး ည ၆နာရီတွင် တတိယအကြိမ် ဆီမီးမျှောပူဇော်ခြင်းနှင့် ဖျော်ဖြေရေး အစီအစဉ် ရုပ်စုံသဘင်ဖြင့် ဧည့်ခံမည်။

(၉၈)ကြိမ်မြောက် ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုသူများသည် စေတီတော်ဂေါပကအဖွဲ့ရုံး၊ ဖုန်း-၀၅၆-၂၅၀၅၇သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တွံတေး အရှင်ဣန္ဒက၏ တရားပွဲများ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် မတ် ၂ရက်၌ ခေမိန္ဒာရာမ ကိုးတွင်းကျောင်းတိုက် (၁၀)ရပ်ကွက် လှိုင်မြို့နယ် ဓမ္မသဘင်၊ ၅ရက်၌ စော်ဘွားကြီးကုန်း (၁၀)မိုင် အင်းစိန်မြို့နယ် ဓမ္မသဘင်၊ ၆ရက် မွန်းလွဲ ၂နာရီ၌ သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်/ဒဂုံ ဓမ္မသဘင်၊ ၈ရက်ည၌ ရန်ကုန်သစ်ရပ်ကွက် မွေးနေ့မင်္ဂလာ ဓမ္မသဘင်၊ ၉ရက်၌ အောင်စကြာ ဘုရားဝင်း ဇေယျသုခ ဓမ္မာရုံ လှည်းကူးမြို့နယ် ဓမ္မသဘင်၊ ၁၀ရက်၌ နန်းကလဲ့ကျေးရွာ သုံးခွမြို့နယ် ဓမ္မသဘင်၊ ၁၃ရက်၌ လောကမာရဇိန်ဘုရားပွဲ သုံးခွမြို့နယ် ဓမ္မသဘင်၊ ၁၄ရက် မွန်းလွဲ ၂နာရီ၌ သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်/ဒဂုံ ဓမ္မသဘင်၊ ၁၇ရက်ည၌ ရှင်ပြုရဟန်းခံ ဓမ္မသဘင် ခနောင်ရွာ ကျောက်တန်းမြို့နယ်၊ ၁၈ရက်ည၌ ချော်တွင်းကုန်း တုလွတ်အောင်မြေကျောင်းတိုက် ဓမ္မသဘင်၊ ၁၉ရက်ည၌ ဒေးဒရဲ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ ဓမ္မသဘင်၊ ၂၀ရက်၌ နတ်တလင်းမြို့နယ် ဓမ္မသဘင်တို့တွင် ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာဓုပရိယတ္တိ စာသင်တိုက်၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်းတို့ကို ဧပြီ ၂၄ရက်မှ ဇွန် ၃ရက်အထိ ရက်ပေါင်း ၄၀တိုင်တိုင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော သံဃာတော်များသည် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း ၀၁-၅၁၀၅၆၆သို့ ဆက်သွယ်နိုင်ပြီး တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို မတ် ၂၀ရက် နောက်ဆုံးထား ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

(က-ပ)

မိဘကျေးဇူးဆပ် ဓမ္မသဘင်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင် ၁၀လမ်း (အောက်လမ်း)တွင် မိဘကျေးဇူးဆပ် ဓမ္မသဘင် ကျင်းပမည်ဖြစ်ရာ မတ် ၆ ရက်ညတွင် အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန် ဆရာတော်)၊ ၇ ရက်ညတွင် အရှင်အာစာရလင်္ကာရ (နိုင်ငံတော် ကိုးဘွဲ့ရ၊ စစ်ကိုင်း-ရွှေဟသ်ာဆရာတော်)၊ ၈ ရက်ညတွင် အရှင်ပညာဝံသ (ဝါးခယ်မဆရာတော်) အရှင်သူမြတ်တို့က တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကြီးမှူး၍ Dr. Thein Win Consultant(T-Mobile Company)က "Telecommunication Technology and Information Technology in the Future" ခေါင်းစဉ်ဖြင့် မတ် ၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီမှစ၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ပင်မဆောင် အခန်း(၂၀၅)၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာ ပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၇၈)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၃၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

တစ်ခေတ်ဆန်းလာသည့် တောင်ပေါ်မြေပြန့်ခရီးလမ်း

သတင်းဆောင်းပါး သတင်းထောက်-စိုင်းမောင်မောင်
ဓာတ်ပုံမှတ်တမ်း- စိုင်းသာလှိုင်(လီမှော်မြေ)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ဦးတည်ချက်နှင့်အညီ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးအတွက် တပ်မတော်အစိုးရသည် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် လမ်းတံတားများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လမ်းတံတားများကိုလည်း တိုးချဲ့ပြုပြင်ပေးခဲ့သည်။ ယခင်က ယာဉ်များ တစ်စီးချင်းစောင့်ဆိုင်းပြီး ဖြတ်သန်းခဲ့ရသော ချောင်းကူး၊ မြစ်ကူး တံတားကျဉ်းများနေရာတွင် ယာဉ်နှစ်စီးတစ်ပြိုင်တည်း ဖြတ်သန်းနိုင်သည့် သံကူကွန်ကရစ်တံတား အသစ်များဖြင့် အစားထိုးတည်ဆောက်ပေးခဲ့သည်။

ထို့ကြောင့် ယခုအချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တောင်ပေါ်ဒေသမှ သွေးချင်းသားချင်းတိုင်းရင်းသား ခရီးသွားပြည်သူတို့သည် အချိန်ကုန်လူပန်း စရိတ်ထောင်းခြင်းဒုက္ခများ ကင်းဝေးလျက် စရိတ်သက်သာ အဆင်ပြေစွာ ခရီးသွားလာနိုင်နေကြပြီ ဖြစ်ပါသည်။ ယခင်က မန္တလေး-ကျောက်မဲ ခရီးလမ်းအပိုင်းသည်တစ်နေ့တာအချိန်ကုန် သွားလာခဲ့ရသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးမှုဖြင့် မန္တလေး-ကျောက်မဲ ခရီးလမ်းပိုင်းတွင် နေ့ချင်းပြန်ခရီးသွားလာနိုင်နေကြပြီဖြစ်သည်။ ယင်းခရီးလမ်းပိုင်းတွင် ရွှေပြည်သာ၊ ကားစိမ်း၊ ရတနာ အမြန်ယာဉ်အသင်းများမှ လေအိတ်မှန်လုံယာဉ်ကြီးများဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

လားရှိုး-ရန်ကုန် တိုက်ရိုက်ခရီးစဉ်တွင် လိုက်ပါကြမည့် ခရီးသည်များ ယာဉ်ပေါ်သို့ တက်ရောက်ကြစဉ်။

ထို့အပြင် လားရှိုး-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကိုလည်း (၂၃-၁၀-၂၀၀၇)နေ့က စတင်၍ တက်လမ်းအမြန်ယာဉ်အသင်းမှ လေအိတ် မှန်လုံယာဉ်ကြီးများဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

စာရေးသူတို့သတင်းအဖွဲ့သည် တက်လမ်းအမြန်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ ဥက္ကဋ္ဌ ဦးထွန်းထွန်းက **"မိမိတို့ တက်လမ်းအမြန်ယာဉ်အသင်းသည် ခရီးသွားပြည်သူများ စိတ်ချမ်းသာပြီး သက်သောင့်သက်သာ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လေအေးပေးစက်နှင့် ရုပ်သံစက်များ တပ်ဆင်ထားသော လေအိတ်မှန်လုံယာဉ်ကြီးများဖြင့် နေ့စဉ် ပြေးဆွဲပေးလျက်ရှိကြောင်း၊ အသင်းတွင် ယာဉ်စီးရေ ၂၃ စီးရှိကြောင်း၊ လက်ရှိ မိမိတို့အသင်း အနေဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြင်ဦးလွင်၊ ရန်ကုန်-လားရှိုး ခရီးစဉ်များကို နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း၊ အသွားယာဉ်နှစ်စီး၊ အပြန်ယာဉ်နှစ်စီး ဖြစ်ကြောင်း၊ ခရီးလမ်းအပိုင်းများရှိ ယာဉ်ရပ်နားစခန်းများတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ စားသုံးနိုင်ရန်အတွက် သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်များကိုလည်း ဖွင့်ပေးထားကြောင်း၊ လူမျိုးဘာသာမရွေး စားသုံးနိုင်ကြောင်း၊ ကိုယ်လက်သန့်စင်ခန်းများကိုလည်း လုံလောက်စွာ ထားရှိကြောင်း၊ ယာဉ်တစ်စီးတွင် ယာဉ်မောင်းနှစ်ဦး၊ စက်ပြင်ဆရာတစ်ဦး၊ ယာဉ်နောက်လိုက်နှစ်ဦး ပါရှိကြောင်း၊ ခရီးသွားပြည်သူများ အချိန်မီသွားလာနိုင်ရေးအတွက် လိုအပ်လျှင် အသုံးပြုနိုင်ရန် အရန်ယာဉ်များကိုလည်း လမ်းအပိုင်း ကန့်သတ်ပြီး ထားရှိကြောင်း၊ ယာဉ်မောင်းများခန့်ထားရာတွင် မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားမှုကင်းသူများကိုသာ ခန့်ထားကြောင်း၊ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့် လူလတ်ပိုင်းယာဉ်မောင်းများကိုသာ ခန့်ထားကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် အထူးနှုန်းဖြင့် လက်မှတ်များ ရောင်းချပေးကြောင်း၊ ရန်ကုန်-လားရှိုး ယာဉ်စီးခနှုန်းမှာ ကျပ် ၁၆၀၀၀ဖြစ်ပြီး ဝန်ထမ်းအထူးနှုန်းမှာ ကျပ် ၁၂၀၀၀ ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့် မိမိတို့အသင်းသို့ အချိန်မရွေး အကြံပြုစာများ ပေးပို့နိုင်ကြောင်း၊ ဖိတ်ခေါ်ပါကြောင်း"** စသည်ဖြင့် ပြောကြားသွားသည်။

လားရှိုး-ရန်ကုန် တိုက်ရိုက်ခရီးစဉ်တွင် လိုက်ပါလာကြသော ခရီးသည်များအား တက်လမ်းအမြန်ယာဉ်ပေါ်တွင်တွေ့ရစဉ်။

သတင်းအဖွဲ့ လိုက်ပါလာသော ယာဉ်သည် နံနက် ၁၁နာရီခန့်တွင် ယာဉ်ခေတ္တရပ်နားမည့် ကျောက်မဲ နှင်းတောင်တန်း အမှတ်(၁) စားသောက်ဆိုင်ကြီးသို့ ရောက်ရှိသည်။ ယာဉ်ခေတ္တရပ်နားသည့်အတွက် ခရီးသွားများ ယာဉ်ပေါ်မှဆင်း၍ အပန်းဖြေ အနားယူကြသည်။ နံနက်စာ ထမင်းသုံးဆောင်သူသုံးဆောင်၊ ခေါပုတ်၊ တို့ဟူးခြောက်၊ နွားနို့ခြောက်၊ ပဲပုပ်၊ လက်ဖက်ခြောက်စသည့် ဒေသထွက်ကုန်ပစ္စည်းများ ဝယ်သူကဝယ်ဖြင့် နှင်းတောင်တန်း စားသောက်ဆိုင်ကြီးတွင် စည်ကားလျက်ရှိသည်။ ယာဉ်ပေါ် ပါလာသော ယာဉ်စက်ပြင်ဆရာသည် ယာဉ်ကို လှည့်ပတ်ကြည့်ရှု စစ်ဆေးနေသည်။ ယာဉ်နောက်လိုက် နှစ်ဦးနှင့် ဆိုင်ဝန်ထမ်းလူငယ်သုံးဦးတို့က ယာဉ်ကို ရေဆေး၊ရေဖြည့်၊ ဆီထိုး၊ ဆီလိုက်ပြုလုပ်နေကြသည်ကို တွေ့ရသည်။

နှင်းတောင်တန်း အမှတ်(၁) စားသောက်ဆိုင်ပိုင်ရှင် ဦးအချန်းနှင့် ဒေါ်နန်းမိုးမိုးတို့အား သိလိုသည်များကို မေးမြန်းခဲ့ရာ **"မိမိတို့ဆိုင်တွင် လူ ၅၀ တစ်ပြိုင်တည်းအသုံးပြုနိုင်သော ကိုယ်လက်သန့်စင်ခန်းများ ထားရှိကြောင်း၊ လူမျိုးဘာသာမရွေး စားသုံးနိုင်သည့် သန့်ရှင်းလတ်ဆတ်သော ဟင်းလျာမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးကြောင်း၊ ခရီးသွားများ စိတ်ချမ်းမြေ့မှုရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ရန်ကုန်-လားရှိုး အတက်၊ အဆင်းယာဉ်များ နေ့စဉ်ရပ်နားကြောင်း"** ဖြင့် ပြောကြားသည်။

ကျောက်မဲ ယာဉ်ရပ်နားစခန်းမှ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ယာဉ်ပေါ်တွင် ဗွီစီဒီ၊ ဒီဗွီဒီအခွေများကို အပန်းဖြေကြည့်ရှုလျက် လိုက်ပါလာခဲ့ကြပါသည်။ နောက်တစ်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးကားဝင်းသို့ ရောက်ရှိကြသည်။

ယနေ့ တပ်မတော်အစိုးရသည် နိုင်ငံတစ်ဝန်းလမ်း၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးသဖြင့် တောင်ပေါ်ဒေသမှ လမ်း၊တံတားများ တိုးတက်ကောင်းမွန်လာခဲ့သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့သည်နှင့်အမျှ ခရီးလမ်းပန်းမြန်ဆန်သွက်လက်လာသည်။ ယာဉ်လိုင်းများလည်း တိုးချဲ့လာနိုင်ခဲ့ပါသည်။

ထို့ကြောင့် တောင်ပေါ်-မြေပြန့် ခရီးလမ်းများလည်း တစ်ခေတ်ဆန်း၍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကုန်စည်စီးဆင်းမှုလည်း လျင်မြန်သွက်လက်တိုးတက် ဖွံ့ဖြိုးလာနေပြီဖြစ်ရာ တောင်ပေါ်ဒေသမှ သွေးချင်းသားချင်း တိုင်းရင်းသားပြည်သူတို့ဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်စည်ပင်လာနေသည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသည်။ ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးအတွက် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စောကြည်၊ ကွယ်လွန်သူသမီး ဒေါ်စန်းရီ (အထက-၅၊ မရမ်းကုန်း)တို့အား ရည်စူး၍ ဒုအရာခံဗိုလ်လှဝင်းနှင့်မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးသန်းလွင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် (၇)နှစ်ပြည့်အား ရည်စူး၍ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)လမ်းနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင် လက်ခံယူစဉ်။

(က-ပ)

ဖေဖော်ဝါရီ ၂၄ရက်က မွန်ပိဋကတ်စာမ္မာရုံ၌ကျင်းပသော တွံတေးမြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၀၆ ခုနှစ် စာပေဗိမာန်စာမူဆုအပါအဝင် စာမူဆု ကိုးကြိမ်ရ အသင်းအမှုဆောင် ဦးကြည်ထွဏ်း (ထန်လှိုင်) အား အသင်းနာယက ဗိုလ်မှူးချုပ်သောင်းတင် (ရေ-ငြိမ်း)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ တောရစာသင်တိုက် မိဘမဲ့ရင်သွေးများနှင့် နွမ်းပါးသူများအား ရဟန်းခံရှင်ပြုမည်

ရန်ကုန် မတ် ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ တောရစာသင်တိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘဏ၏ ပရဟိတတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်း မိဘမဲ့ရင်သွေးငယ်များနှင့် ဆင်းရဲနွမ်းပါးသော မိဘများ၏ရင်သွေးငယ်များအား ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဇမ္ဗူဉသျှောင်တိလောကမာန်အောင် မဟာမုနိဘုရား ဗုဒ္ဓဝံသရက္ခိတအသင်းမှ ကြီးမှူး၍ ရဟန်းလောင်း ၁၈ပါး၊ ရှင်သာမဏေ ၁၀၈ပါးနှင့် သီလရှင် ၂၇ပါးတို့အား မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို ယခုလ တတိယပတ်တွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မှ မတ် ၁၉ရက်တွင်ထွက်ခွာ၍ မတ် ၂၅ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

လိုက်ပါလှူဒါန်းလိုသူ စေတနာရှင် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများအနေဖြင့် အသင်းဥက္ကဋ္ဌ ဦးသောင်းရွှေ ဖုန်း-၀၉၅၁၀၅၇၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အေး ဖုန်း-၀၉၅၀၁၆၆၇၄၊ ဒုတိယဥက္ကဋ္ဌ ဦးညီထွေးအောင် ဖုန်း-၀၉၅၀၂၂၃၇၁၊ ဦးမောင်မောင်အေး(ခ) ဦးဝမ်း ဖုန်း-၀၉၅၁၂၄၆၅၀၊ ကိုနေလင်းထွန်း ဖုန်း-၀၉၅၁၃၅၉၄၅နှင့် ကိုဇာနည်ဦး ဖုန်း-၀၉၅၁၉၉၃၁၂တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ထူးခြားသည့် နေ့အပူချိန်များ

၂-၃-၂၀၀၈

ချောက်
၃၉ ဒီဂရီစင်တီဂရိတ်

အောင်လံနှင့် ရန်ကုန်(ကမ္ဘာအေး)
၃၈ ဒီဂရီစင်တီဂရိတ်စီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကော့သောင်း
၀ ဒသမ ၄၀ လက်မ

မြိတ်
၀ ဒသမ ၀၈ လက်မ

ဝန်ကြီးဦးဉာဏ်ဝင်း ဘူလ်ဂေးရီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၀၈ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဗိုင်လိုကာလ်ဖင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အခြေခံပညာကျောင်းများ စာမေးပွဲစစ်ဆေးမှုကြည့်ရှု

မန္တလေး မတ် ၂

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၂၈ရက်တွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ နှစ်ဆုံးစာမေးပွဲစစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးသည်။ ညွှန်ကြားရေးမှူးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)၊ အမှတ်(၂၂) အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နှစ်ဆုံးစာမေးပွဲစစ်ဆေးနေမှုများ၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများနှင့် မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မတ် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မတ် ၁ရက်နှင့် ၂ရက်၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင် **(ဝဲပုံ)** တို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ယင်းအစည်းအဝေးတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် နှစ်ပတ်လည်မှ ကိစ္စရပ်များကို ဆုံးဖြတ်အတည်ပြုပြီး အာဆီယံလက်ရွေးစင်နှင့် သက်တမ်းအလိုက် ပြိုင်ပွဲများကျင်းပရေးနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို ဆုံးဖြတ်သွားမည်ဖြစ်သည်။ (ကြေးမုံ)

First to Fifth Batch (B.A Law, LL.B) ဥပဒေပညာရပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ မွှာရုံ၌ ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က-ပ)

ဝင်းထွန်းက စောဇော်လွင်ကို လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့်နိုင် တက်သစ်စလက်ဝှေ့ကျော် ဖိုးကေက မိုက်ခဲကျောက်ပွင့်ကို အလဲထိုး

သတင်းနှင့်ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ပုံငွေ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံဝင်းထွန်းက စောဇော်လွင်ကို ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ ဝင်းထွန်းနှင့် ထိုးသတ်ရန် မူလက စောဖွဲ့လေးနှင့် စီစဉ်ထားခဲ့သော်လည်း စောဖွဲ့လေး ဒဏ်ရာအပြင်းအထန်ရရှိသွား၍ စောဇော်လွင်နှင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်များအဖြစ် ငါးချီ စိန်ခေါ်ပွဲ ခုနစ်ပွဲ၊ သုံးချီစိန်ခေါ်ပွဲ သုံးပွဲ ကျင်းပပြီး ငါးချီစိန်ခေါ်ပွဲများတွင် တစ်ပွဲသာသရေကျခဲ့ပြီး ခြောက်ပွဲ အရှုံးအနိုင်ပေါ်ခဲ့သည်။

အထူးငါးချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် ဖွဲ့သတ္တိ(သူရဲကောင်း)နှင့် အောင်စစ်မင်း(နှစ်ရှည်ဥယျာဉ်)တို့ပွဲတွင် အောင်စစ်မင်းက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စောသဲမင်း(K.L.N)နှင့် အမေ့သား(နှစ်ရှည်ဥယျာဉ်)တို့ပွဲတွင် အမေ့သားက ဒုတိယအချီ ၂မိနစ် ၄၄စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

မောင်မောင်(နှစ်ရှည်ဥယျာဉ်)နှင့် မိုက်တိုင်ဆန်(အလင်းရောင်)တို့ပွဲတွင် မောင်မောင်က စတုတ္ထအချီ ၂မိနစ် ၁၁စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွင် လက်စွမ်းပြပြီး ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော တက်သစ်စလက်ဝှေ့ကျော် ဖိုးကေ (မန္တလေး)က ယခုစိန်ခေါ်ပွဲတွင်လည်း မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)ကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်(ရွှေလက်ရာ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ရှမ်းသွေးလေး (ဒေါင်းမြန်မာ)တို့ပွဲမှာ သရေဖြင့် အဆုံးသတ်သွားသည်။ မြနန်းတော်(မြန်မာပြည်သား)နှင့် စောဂပရေမှူး (တွံတေး)တို့ပွဲတွင် မြနန်းတော်က တတိယအချီ တစ်မိနစ် ၂၃စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)နှင့် စောဇော်လွင် (ရွှေလက်ရာ)တို့ပွဲမှာ ဘတစ်ပြန် ကျားတစ်ပြန်ဖြင့် ပရိသတ်အကြိုက်တွေ့မည့်ပွဲဟုထင်ခဲ့ရသော်လည်း ပထမအချီမှာပင် လက်ရည်မမျှသဖြင့် ဒိုင်ပွဲရပ်ဖြင့် ဝင်းထွန်း အနိုင်ရသွားသည်။ (ကြေးမုံ)



ဒေါနအောင်(ရွှေလက်ရာ)က ရှမ်းသွေးလေး(ဒေါင်းမြန်မာ)ကို လေထဲတွင် ခုန်ပျံကာ ခြေကန်ချက်ဖြင့် တိုက်ခိုက်စဉ်။ (ကြေးမုံ)

လမ်းမတော်မြို့နယ် (၁၆)လမ်းနေ ဒေါ်ကျင်ရွှေက ကွယ်လွန်သူများဖြစ်ကြသော အဘဦးစိန်ဖိုး၊ အမိဒေါ်အေးသာ၊ အစ်မကြီး ဒေါ်ကျင်လှ၊ အစ်ကိုကြီး ဦးတိဆိုင်၊ အစ်ကိုလေး ဦးကျင်ဗှက်၊ မောင်လေး ဦးချစ်လှိုင်နှင့် မောင်လေး ဦးကျင်ဟိုတို့အားရည်စူးပြီး ဖေဖော်ဝါရီ ၂၉ရက်က သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင် ဆေးပဒေသာပင်အဖြစ် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူ လက်ခံယူစဉ်။ (ခရိုင်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၈(တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လောကကြီးကိုဘာကြီးစိုးသလဲ"တရားတော် မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ)
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	ဖွံ့ဖြိုးစုံစွာမင်္ဂလာဒုံစက်မှုဇုန်မှာ
၈း၃၅-၂း၃၅	ဝိပရိဏာမဒုက္ခ (အပိုင်း-၁) (ဆရာကြီးဦးဌေးအောင်)
၉း၀၅-၃း၀၅	ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅	လောကီလောကုတ္တရာနှစ်ဖြာအောင်မြင်အာယုဒီဃပျိုးဥယျာဉ်
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာစိုးလွင်နှင့်တွေ့ဆုံခြင်း)
၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့်စွဲမက်ဖွယ်ရာ အရသာ(ဂရိစတိုင်လ်)
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ လေးဖက်နာနှလုံးရောဂါအကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာခင်မေစန်းနှင့်တွေ့ဆုံခြင်း)
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	အလှကိုယ်စီရှိကြသည် (အကယ်ဒမီ ထက်ထက်မိုးဦး၊ ပိုင်သိခ်၊ ရိုတ၊ နှင်းအိဝင်း) [ဒါရိုက်တာဝေဠု(ဝဿန်)]
၁၂း၀၅-၆း၀၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အေးခိုင်ဇာလတ်)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပန်းတနော်မြို့နယ် မိမ္မပြေးကျေးရွာ ရတနာမွန်စာကြည့်တိုက်၌ စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ရက်ကကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်က ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျေးရွာဥက္ကဋ္ဌ ဦးရဲမင်းလှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ရွှေဘို-ထီးချိုင့်လမ်းပိုင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

စစ်ကိုင်းတိုင်း ရွှေဘိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ရက် နံနက် ၈နာရီတွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) မိုင်တိုင်အမှတ်(၅၃/၂)နှင့် ရွှေဘို-ကသာ-ကျောက်မြောင်းလမ်းဆုံရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ခရိုင်ချင်းဆက်လမ်းအမှတ်(၃)ရှိ မိုင်တိုင်အမှတ်(၄၆/၆)မှ (၆၁/၅)အတွင်း လမ်း၊ တံတားနှင့် ရေကျော်များ တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လမ်းအကျယ်ပေ ၃၀တိုးချဲ့ဖောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရှည်ပေ ၄၀ နှင့် အကျယ်၁၀ပေရှိ လင်ပန်းကျချောင်းတံတားတည်ဆောက်နေမှုကို လည်းကောင်း၊ ရွှေဘိုနှင့် ခင်ဦးမြို့နယ်အစပ် မိုင်တိုင်အမှတ်(၆၁/၅)၌

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြက်ဆူမျိုးကိုင်း စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွား မဖောက်မပြန် ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းပေးသည့် ပဋိညာဉ်စာချုပ်ကြီး

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတော့မည်ဖြစ်ရာ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုမည့် အဖွဲ့အစည်းများအတွင်း မူဝါဒနှင့် ရည်ရွယ်ချက်ချင်း မတူညီကြသည့်၊ ကွဲပြားခြားနားမှုရှိကြသည့် အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါရှိလာမည်ဖြစ်သည်။ ယခု ရေးဆွဲပြီးစီးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုပုဂ္ဂိုလ်များ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုသည့်အခါတွင် နိုင်ငံ့အကျိုး၊ ပြည်သူများ၏ အကျိုးစီးပွားကို မဖောက်မပြန် ရှေးရှုဆောင်ရွက်နိုင်ရန် ထိန်းကျောင်းပေးသည့် ပဋိညာဉ်စာချုပ်ကြီးပင်ဖြစ်သည်။

ခြင်ကျား(မအူပင်)၏ **"အတည်ပြုသည့် မဲတစ်ပြား ပန်းတိုင်ချီသည့် ခြေလှမ်းများ"** ဆောင်းပါး

စာမျက်နှာ (၈-၉)